# ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

## COVID-19 ရောဂါဖြစ်ပွားမှု ခြုံငုံသုံးသပ်မှုအခြေအနေ

## (၂၃-၅-၂၀၂၀ ရက်နေ့၊ ညနေ ၆:၀၀ နာရီ)

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် COVID-19 ရောဂါ ဖြစ်ပွားမှုဆိုင်ရာ သတင်းအချက်အလက်များ၊ ကျန်းမာရေးအသိပညာပေးခြင်းဆောင်ရွက်မှုများကို ဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ (https://mohs.gov.mm/Main/content/publication/2019-ncov) တွင် အချိန်နှင့်တစ်ပြေးညီ ဖော်ပြပေးလျက်ရှိပါသည်။

၁။ ဆေးရုံများ၌ တက်ရောက်ကုသလျက်ရှိသည့် COVID-19 လူနာစာရင်း

၂။ ခာတ်ခွဲစစ်ဆေးမှုအခြေအနေ

၃။ (က) တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးတွင် သတ်မှတ်နေရာများ၌ အသွားအလာ ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုသည့် နေရာအရေအတွက်

(ခ) တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးတွင် သတ်မှတ်နေရာများ၌ အသွားအလာ ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုနေသူဦးရေ

၄။ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ဆေးရုံတက်ရောက်ကုသမှုနှင့် လူနာစောင့်ကြပ်ကြည့်ရှုမှု ဆောင်ရွက်လျက်ရှိသည့် နေ့စဉ်အခြေအနေ

၅။ COVID-19 ရောဂါဖြစ်ပွားလျက်ရှိသော တိုင်းဒေသကြီး/ ပြည်နယ်နှင့် မြို့နယ်များစာရင်း

၆။ ကမ္ဘာ့နိုင်ငံများတွင် COVID-19 ရောဂါဖြစ်ပွားမှုအခြေအနေ

၇။ COVID-19 ကာကွယ်၊ ထိန်းချုပ်ရေးအတွက် တစ်ကိုယ်ရေသုံးရောဂါကာကွယ်ရေးပစ္စည်းများ ဝယ်ယူဖြန့်ဖြူးထားရှိမှုအခြေအနေ

၈။ COVID-19 နှင့်ပတ်သက်၍ အရွယ်ရောက်ပြီးသော မြန်မာလူမျိုးများ၏ ရောဂါအန္တရာယ်နှင့်ပတ်သက်သော သဘောထားအမြင်၊ ရောဂါကာကွယ်နိုင်မည့် နည်းလမ်းများနှင့် ပတ်သက်သော အသိအမြင်ကို လေ့လာသော သုတေသနစာတမ်း

၉။ အထွေထွေ

၁၀။ ပြည်သူများ ဝင်ရောက်ကြည့်ရှုသင့်သည့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ COVID-19 ဆိုင်ရာ အင်တာနက်လိပ်စာ Link များ-

(က) Myanmar COVID-19 Surveillance Dashboard

Mobile View: https://bit.ly/2W0cmeE

Desktop View: https://bit.ly/2KCvZnQ

(ခ) မြန်မာနိုင်ငံ၏ COVID-19 ရောဂါဖြစ်ပွားမှု အခြေအနေပြ အစီရင်ခံစာများ (Situation Reports) https://mohs.gov.mm/page/9575

(ဂ) ပြည်သူများအတွက် ကိုရိုနာဗိုင်းရပ်စ် COVID-19 ဆိုင်ရာ ကျန်းမာရေးအသိပညာ များ https://mohs.gov.mm/Main/content/publication/2019-ncov

(ဃ) ကျန်းမာရေးဝန်ထမ်းများအတွက် လုပ်ငန်းလမ်းညွှန်များ https://mohs.gov.mm/Main/content/publication/2019-ncov

(င) COVID-19 စောင့်ကြပ်ကြည့်ရှုရေးနှင့် ကာကွယ်ထိန်းချုပ်ရေး အစည်းအဝေးများ၌ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဒေါက်တာမြင့်ထွေး ၏ ပြောကြားချက်များမှ ကောက်နုတ်ချက်များ (၂၄-၁-၂၀၂၀) ရက်နေ့မှ (၂-၅-၂၀၂၀) ရက်နေ့အထိ https://mohs.gov.mm/Main/content/new/union-ministers-instructions-2-5-2020

## ၁။ ဆေးရုံများ၌ တက်ရောက်ကုသလျက်ရှိသည့် COVID-19 လူနာစာရင်း

## (၂၃-၅-၂၀၂၀) ရက်နေ့ နံနက် ၇ နာရီ

| စဉ် | ဆေးရုံအမည် | ခါတ်ခွဲအတည်ပြုလူနာ ဦးရေ (ဦး) |
|---|---|---|
| ၁။ | အထူးကုဆေးရုံ (ဝေဘာဂီ)၊ ရန်ကုန်မြို့ | ၃၂ |
| ၂။ | တောင်ဥက္ကလာပအထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့ | ၃၈ |
| ၃။ | ပြည်သူ့ဆေးရုံ၊ တီးတိန်မြို့ | ၆ |
| ၄။ | ပြည်သူ့ဆေးရုံကြီး၊ ကျိုင်းတုံမြို့ | ၂ |
| ၅။ | ပြည်သူ့ဆေးရုံကြီး၊ ဘားအံမြို့ | ၂ |
| ၆။ | ပြည်သူ့ဆေးရုံကြီး၊ စစ်ကိုင်းမြို့ | ၁ |
| ၇။ | အမှတ်(၂)တပ်မတော်ဆေးရုံကြီး၊ခုတင်(၁၀၀၀)၊ နေပြည်တော် | ၁ |
| ၈။ | ပြည်သူ့ဆေးရုံကြီး၊ ဟားခါးမြို့ | ၁ |
| ၉။ | ပြည်သူ့ဆေးရုံ၊ ထားဝယ်မြို့ | ၁ |
| ၁၀။ | ပြည်သူ့ဆေးရုံ၊ သံတွဲမြို့ | ၁ |
| ၁၁။ | သင်ကြားရေးဆေးရုံကြီး၊ မကွေးမြို့ | ၁ |
| ၁၂။ | ပြည်သူ့ဆေးရုံ၊ တောင်ကုတ်မြို့ | ၁ |
| ၁၃။ | ပြည်သူ့ဆေးရုံကြီး၊ ပုသိမ်မြို့ | ၁ |
| | **စုစုပေါင်း** | **၈၈** |

- ဓါတ်ခွဲအတည်ပြုလူနာ စုစုပေါင်း = ၂၀၁ ဦး
- စုစုပေါင်းသေဆုံးသူ = ၆ ဦး
- (၂)ကြိမ်ဆက် ပိုးမတွေ့ရှိရသူ = ၁၂၀ ဦး
- (၂) ကြိမ်ပိုးမတွေ့၍ ဆေးရုံဆင်းသူ = ၁၀၇ ဦး

## ၂။ ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ (၂၃-၅-၂၀၂၀ ရက်နေ့၊ နံနက် ၇ နာရီအထိ)

| စစ်ဆေးသည့် ရက်စွဲ | စောင့်ကြည့်လူနာ (PUI) | | အသွားအလာကန့်သတ်ထားရှိသူနှင့် ပိုးတွေ့လူနာဖြင့် အနီးကပ်ထိတွေ့သူ | | စုစုပေါင်း | |
|---|---|---|---|---|---|---|
| | ဓာတ်ခွဲ | ပိုးတွေ့ | ဓာတ်ခွဲ | ပိုးတွေ့ | ဓာတ်ခွဲ | ပိုးတွေ့ |
| (၃-၂-၂၀၂၀) မှ (၁၇-၅-၂၀၂၀) အထိ | ၄၆၉၇ | ၆၃ | ၉၈၆၄ | ၁၂၄ | ၁၄၅၆၁ | ၁၈၇ |
| (၁၈-၅-၂၀၂၀) | ၅၇ | ၀ | ၅၁၉ | ၄ | ၅၇၆ | ၄ |
| (၁၉-၅-၂၀၂၀) | ၇၈ | ၀ | ၆၂၃ | ၂ | ၇၀၁ | ၂ |
| (၂၀-၅-၂၀၂၀) | ၅၇ | ၀ | ၆၅၅ | ၆ | ၇၁၂ | ၆ |
| (၂၁-၅-၂၀၂၀) | ၅၈ | ၀ | ၅၄၄ | ၀ | ၆၀၂ | ၀ |
| (၂၂-၅-၂၀၂၀) မှ (၂၃-၅-၂၀၂၀၊ နံနက် ၇ နာရီ) အထိ | ၄၃ | ၀ | ၆၈၀ | ၂ | ၇၂၃ | ၂ |
| စုစုပေါင်း | ၄၉၉၀ | ၆၃ | ၁၂,၈၈၅ | ၁၃၈ | ၁၇,၈၇၅ | ၂၀၁ |

မှတ်ချက်။ မြန်မာနိုင်ငံ၏ COVID-19 ရောဂါဓာတ်ခွဲစစ်ဆေးတွေ့ရှိမှုအရ (1st Sample စစ်ဆေးမှု)

- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့သူများတွင် ၃.၄ %
- စောင့်ကြည့်လူနာများတွင် ၁.၃ %
- ရောဂါလက္ခဏာ ဖြစ်ပွားခြင်းမရှိသော်လည်း ပြည်တွင်း/ ပြည်ပခရီးသွားလာထားခြင်း ရာဇဝင်ရှိသည့်အတွက် အသွားအလာကန့်သတ်ထားသူများ ၀.၃ %

## ၃။ (က) တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးတွင် သတ်မှတ်နေရာများ၌ အသွားအလာကန့်သတ် ၍ စောင့်ကြပ်ကြည့်ရှုသည့် နေရာအရေအတွက် (၂၂-၅-၂၀၂၀) ရက်နေ့ (၁၇:၀၀) နာရီအထိ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | အသွားအလာကန့်သတ်သည့် နေရာအရေအတွက် | | | | | |
|---|---|---|---|---|---|---|---|
| | | ၁၇/၅ | ၁၈/၅ | ၁၉/၅ | ၂၀/၅ | ၂၁/၅ | ၂၂/၅ |
| ၁။ | မကွေး | ၂,၈၃၀ | ၂,၈၄၅ | ၂,၈၄၅ | ၂၈၄၅ | ၂၈၆၆ | 2871 |
| ၂။ | စစ်ကိုင်း | ၂,၀၇၆ | ၂,၁၀၅ | ၂,၁၀၅ | ၂၁၀၅ | ၂၁၀၅ | 2105 |
| ၃။ | ကချင် | ၅၉၂ | ၅၉၃ | ၅၉၅ | ၅၉၈ | ၆၀၂ | 610 |
| ၄။ | ဧရာဝတီ | ၁,၆၄၅ | ၁,၆၂၉ | ၁,၆၀၉ | ၁၅၄၂ | ၁၅၄၂ | ၁၅၄၃ |
| ၅။ | မန္တလေး | ၁၂,၀၅ | ၁,၂၀၇ | ၁,၂၁၂ | ၁၂၂၆ | ၁၂၂၆ | ၁၂၂၆ |
| ၆။ | ရှမ်း (မြောက်) | ၃၄၂ | ၃၄၂ | ၃၄၂ | ၃၃၉ | ၃၄၁ | ၃၄၃ |
| ၇။ | ပဲခူး | ၅၀၈ | ၅၂၁ | ၅၀၂ | ၅၁၉ | ၅၁၁ | ၅၁၄ |
| ၈။ | ရန်ကုန် | ၄၇ | ၄၇ | ၅၀ | ၄၈ | ၅၃ | ၅၅ |
| ၉။ | ရှမ်း (တောင်) | ၁၁၄ | ၁၁၃ | ၁၁၃ | ၁၁၃ | ၁၁၃ | ၁၁၄ |
| ၁၀။ | တနင်္သာရီ | ၁၈၉ | ၁၈၉ | ၁၈၉ | ၁၈၉ | ၁၈၉ | ၁၈၉ |
| ၁၁။ | ရှမ်း (အရှေ့) | ၄၁ | ၄၁ | ၄၁ | ၄၁ | ၄၁ | ၄၁ |
| ၁၂။ | ရခိုင် | ၆၁၅ | ၆၄၆ | ၆၈၀ | ၇၀၇ | ၇၁၉ | ၇၅၈ |
| ၁၃။ | ချင်း | ၃၄ | ၃၈ | ၃၈ | ၃၈ | ၃၈ | ၃၈ |
| ၁၄။ | မွန် | ၃၆ | ၃၆ | ၃၅ | ၃၄ | ၃၄ | ၃၂ |
| ၁၅။ | ကယား | ၁၈ | ၁၈ | ၁၈ | ၁၈ | ၁၈ | ၁၈ |
| ၁၆။ | နေပြည်တော် | ၁၉ | ၁၉ | ၁၉ | ၁၉ | ၁၉ | ၁၉ |
| ၁၇။ | ကရင် | ၁၃၇ | ၁၃၅ | ၁၄၂ | ၁၄၂ | ၁၆၃ | ၁၆၇ |
| | **စုစုပေါင်း** | **၁၀,၄၄၈** | **၁၀,၅၂၄** | **၁၀,၅၃၅** | **၁၀,၅၂၃** | **၁၀,၅၈၀** | **၁၀,၆၄၃** |

## ၃။ (ခ) တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးတွင် သတ်မှတ်နေရာများ၌ အသွားအလာကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုနေသူဦးရေ (၂၂-၅-၂၀၂၀) ရက်နေ့ (၁၇:၀၀) နာရီအထိ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | အသွားအလာကန့်သတ်သည့် ဦးရေ | | | | | |
|---|---|---|---|---|---|---|---|
| | | ၁၇/၅ | ၁၈/၅ | ၁၉/၅ | ၂၀/၅ | ၂၁/၅ | ၂၂/၅ |
| ၁။ | မကွေး | ၁၁,၄၂၇ | ၁၂,၄၃၂ | ၁၂,၄၃၂ | ၁၂၄၃၂ | ၁၁၆၆၂ | ၁၁၅၉၆ |
| ၂။ | စစ်ကိုင်း | ၁၀,၁၄၁ | ၁၀,၁၆၀ | ၉,၉၈၀ | ၉၈၉၂ | ၉၆၆၁ | ၉၃၂၂ |
| ၃။ | ကချင် | ၆,၆၉၁ | ၆,၆၈၇ | ၆,၅၀၀ | ၆၅၈၂ | ၆၆၆၀ | ၆၆၁၀ |
| ၄။ | ဧရာဝတီ | ၇,၀၁၀ | ၇,၁၅၃ | ၇,၀၉၁ | ၆၄၆၁ | ၆၄၆၁ | ၅၆၆၇ |
| ၅။ | မန္တလေး | ၇,၂၃၅ | ၇,၂၈၈ | ၇,၅၄၂ | ၇၅၆၀ | ၇၄၈၈ | ၇၂၉၈ |
| ၆။ | ရှမ်း (မြောက်) | ၂,၇၁၆ | ၂,၇၁၆ | ၂,၇၁၆ | ၂၇၄၅ | ၂၇၉၇ | ၂၇၆၆ |
| ၇။ | ပဲခူး | ၃,၁၇၉ | ၃,၂၆၅ | ၃,၃၂၁ | ၃၄၈၀ | ၃၅၀၀ | ၃၄၈၅ |
| ၈။ | ရန်ကုန် | ၂,၂၁၈ | ၂,၂၀၇ | ၂,၄၀၄ | ၂၄၃၈ | ၂၄၅၁ | ၂၅၃၃ |
| ၉။ | ရခိုင် | ၃,၈၆၄ | ၃,၉၁၄ | ၄,၀၉၆ | ၄၂၂၄ | ၄၂၃၉ | ၄၅၁၂ |
| ၁၀။ | နေပြည်တော် | ၁,၁၂၈ | ၁,၂၀၉ | ၁,၂၃၂ | ၁၁၈၃ | ၁၁၇၀ | ၁၁၄၈ |
| ၁၁။ | တနင်္သာရီ | ၁,၀၉၆ | ၁,၁၁၄ | ၁,၁၇၁ | ၁၂၁၁ | ၁၂၂၅ | ၁၃၀၂ |
| ၁၂။ | ရှမ်း (တောင်) | ၉၈၅ | ၁,၀၉၅ | ၁,၁၄၄ | ၁၂၀၈ | ၁၂၀၇ | ၁၂၀၂ |
| ၁၃။ | ရှမ်း (အရှေ့) | ၆၃၂ | ၆၂၀ | ၆၁၀ | ၆၁၄ | ၆၃၁ | ၆၂၅ |
| ၁၄။ | ချင်း | ၄၁၂ | ၄၄၃ | ၄၄၆ | ၄၂၁ | ၃၉၂ | ၃၇၃ |
| ၁၅။ | မွန် | ၃၆၀ | ၃၆၁ | ၃၆၁ | ၃၅၅ | ၃၆၇ | ၃၆၇ |
| ၁၆။ | ကယား | ၁၈၆ | ၂၁၆ | ၂၀၂ | ၁၉၈ | ၁၈၆ | ၁၈၈ |
| ၁၇။ | ကရင် | ၅၇၆ | ၆၂၅ | ၆၃၅ | ၆၄၇ | ၆၈၆ | ၇၀၀ |
| **စုစုပေါင်း** | | **၅၉,၈၆၅** | **၆၁,၅၀၅** | **၆၁,၈၈၃** | **၆၁,၆၅၁** | **၆၀,၇၈၃** | **၅၉,၆၉၄** |

သတ်မှတ်ကာလ (၂၁) ရက် ပြီးဆုံးသူများအား နေအိမ်၌ (၇)ရက် ဆက်လက် စောင့်ကြပ် ကြည့်ရှုသွားမည်ဖြစ်ပါသည်။

## ၄။ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ဆေးရုံတက်ရောက်ကုသမှုနှင့် လူနာစောင့်ကြပ်ကြည့်ရှုမှု ဆောင်ရွက်လျက်ရှိသည့် နေ့စဉ်အခြေအနေ (၂၃-၅-၂၀၂၀) ရက်နေ့၊ နံနက် ၇ နာရီ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ဆေးရုံအရေအတွက် | လူနာဦးရေ | | | စုစုပေါင်း |
|---|---|---|---|---|---|---|
| | | | ပိုးတွေ့ | *ရောဂါလက္ခဏာရှိ စောင့်ကြည့် | +ဆေးရုံတွင်အသွားအလာကန့်သတ် | |
| ၁။ | ရန်ကုန် | ၁၇ | ၇၀ | ၁၈၉ | ၆ | ၂၆၅ |
| ၂။ | မန္တလေး | ၁၀ | - | ၃၁ | - | ၃၁ |
| ၃။ | မကွေး | ၆ | ၁ | ၁၅ | - | ၁၆ |
| ၄။ | ပဲခူး | ၇ | - | ၄ | ၃ | ၇ |
| ၅။ | စစ်ကိုင်း | ၅ | ၁ | ၁ | ၄ | ၆ |
| ၆။ | ဧရာဝတီ | ၈ | ၁ | ၁ | ၁၀ | ၁၂ |
| ၇။ | တနင်္သာရီ | ၂ | ၁ | - | ၁ | ၂ |
| ၈။ | ကချင် | ၈ | - | ၂ | ၂၇ | ၂၉ |
| ၉။ | ကယား | ၂ | - | ၄ | - | ၄ |
| ၁၀။ | ကရင် | ၃ | ၂ | ၇ | ၁ | ၁၀ |
| ၁၁။ | ချင်း | ၃ | ၇ | ၁ | - | ၈ |
| ၁၂။ | မွန် | ၄ | - | ၇ | ၂ | ၉ |
| ၁၃။ | ရခိုင် | ၁၂ | ၂ | ၃ | ၄၄ | ၄၉ |
| ၁၄။ | ရှမ်း(မြောက်) | ၉ | - | ၁၃ | ၉ | ၂၂ |
| ၁၅။ | ရှမ်း(တောင်) | ၃ | - | ၃ | - | ၃ |
| ၁၆။ | ရှမ်း(အရှေ့) | ၂ | ၂ | ၃ | - | ၅ |
| ၁၇။ | နေပြည်တော် | ၃ | ၁ | ၂ | ၈ | ၁၁ |
| | စုစုပေါင်း | ၁၀၄ | ၈၈ | ၂၈၆ | ၁၁၅ | ၄၈၉ |

Source: Medical Care Division, DoMS

*ဖျားခြင်းနှင့်လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများရှိသူ (သို့မဟုတ်) လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ပြင်းထန်ရောဂါလက္ခဏာများရှိသူ

+လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများမရှိသော်လည်း ခရီးသွားရာဇဝင်ရှိခြင်း သို့မဟုတ် ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်နေထိုင်မှု ရာဇဝင်ရှိပြီး အခြားရောဂါများကြောင့် ကျန်းမာရေးစောင့်ရှောက်မှုပေးရန် စောင့်ကြပ်ကြည့်ရှုမှု လိုအပ်သောသူ

## ၅။ COVID-19 ရောဂါဖြစ်ပွားလျက်ရှိသော တိုင်းဒေသကြီး/ ပြည်နယ်နှင့် မြို့နယ်များစာရင်း (၂၃-၅-၂၀၂၀) နံနက် ၇ နာရီအထိ

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | မြို့နယ် | | ပိုးတွေ့လူနာဦးရေ |
|---|---|---|---|---|
| ၁ | ရန်ကုန် | ၁ | အင်းစိန် | ၄၉ |
| | | ၂ | မရမ်းကုန်း | ၁၆ |
| | | ၃ | တောင်ဥက္ကလာပ | ၁၃ |
| | | ၄ | တာမွေ | ၁၀ |
| | | ၅ | ဗဟန်း | ၉ |
| | | ၆ | ပန်းဘဲတန်း | ၇ |
| | | ၇ | ဗိုလ်တထောင် | ၅ |
| | | ၈ | လှိုင်သာယာ | ၅ |
| | | ၉ | ကမာရွတ် | ၄ |
| | | ၁၀ | ဒဂုံမြို့သစ်(မြောက်ပိုင်း) | ၄ |
| | | ၁၁ | လှိုင် | ၄ |
| | | ၁၂ | မင်္ဂလာဒုံ | ၃ |
| | | ၁၃ | ရွှေပြည်သာ | ၃ |
| | | ၁၄ | ဒဂုံမြို့သစ်(အရှေ့ပိုင်း) | ၂ |
| | | ၁၅ | ဒေါပုံ | ၂ |
| | | ၁၆ | ကျောက်တံတား | ၂ |
| | | ၁၇ | မင်္ဂလာတောင်ညွန့် | ၂ |
| | | ၁၈ | မြောက်ဥက္ကလာပ | ၂ |
| | | ၁၉ | စမ်းချောင်း | ၂ |
| | | ၂၀ | သာကေတ | ၂ |
| | | ၂၁ | အလုံ | ၂ |
| | | ၂၂ | သင်္ဃန်းကျွန်း | ၂ |
| | | ၂၃ | ဒဂုံ | ၁ |
| | | ၂၄ | ဒဂုံမြို့သစ်(တောင်ပိုင်း) | ၁ |

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | မြို့နယ် | | ပိုးတွေ့လူနာဦးရေ |
|---|---|---|---|---|
| | | ၂၅ | လှည်းကူး | ၁ |
| | | ၂၆ | မှော်ဘီ | ၁ |
| | | ၂၇ | ပုဇွန်တောင် | ၁ |
| | | ၂၈ | ကျောက်တန်း | ၁ |
| ၂ | ပဲခူးတိုင်းဒေသကြီး | ၁ | ပေါက်ခေါင်း | ၄ |
| | | ၂ | ပြည် | ၃ |
| ၃ | စစ်ကိုင်းတိုင်းဒေသကြီး | ၁ | ကလေး | ၆ |
| | | ၂ | စစ်ကိုင်း | ၁ |
| ၄ | ချင်းပြည်နယ် | ၁ | တီးတိန် | ၇ |
| | | ၂ | ဟားခါး | ၁ |
| | | ၃ | ထန်တလန် | ၁ |
| ၅ | မန္တလေးတိုင်းဒေသကြီး | ၁ | ချမ်းမြသာစည် | ၁ |
| | | ၂ | အောင်မြေသာစံ | ၁ |
| | | ၃ | မတ္တရာ | ၁ |
| ၆ | ရှမ်းပြည်နယ် (အရှေ့ပိုင်း) | ၁ | မိုင်းဖြတ် | ၁ |
| | | ၂ | တာချီလိတ် | ၂ |
| | ရှမ်းပြည်နယ် (တောင်ပိုင်း) | ၁ | တောင်ကြီး | ၂ |
| | ရှမ်းပြည်နယ် (မြောက်ပိုင်း) | ၁ | ကျောက်မဲ | ၁ |
| | | ၂ | မူဆယ် | ၁ |
| ၇ | နေပြည်တော် | ၁ | ဇမ္ဗူသီရိ | ၁ |
| | | ၂ | ဇေယျာသီရိ | ၁ |
| ၈ | မကွေး | ၁ | မြို့သစ် | ၁ |
| | | ၂ | မကွေး | ၁ |
| ၉ | ကရင်ပြည်နယ် | ၁ | ကော့ကရိတ် | ၂ |
| ၁၀ | ရခိုင်ပြည်နယ် | ၁ | သံတွဲ | ၁ |
| | | ၂ | တောင်ကုတ် | ၁ |

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | မြို့နယ် | | ပိုးတွေ့လူနာဦးရေ |
|---|---|---|---|---|
| ၁၁ | မွန် | ၁ | ကျိုက်မရော | ၁ |
| ၁၂ | ကချင်ပြည်နယ် | ၁ | မိုးညှင်း | ၁ |
| ၁၃ | တနင်္သာရီတိုင်းဒေသကြီး | ၁ | လောင်းလုံ | ၁ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၁ | ပုသိမ် | ၁ |
| စုစုပေါင်း | | ၅၄ မြို့နယ် | | ၂၀၁ |

- မြန်မာနိုင်ငံရှိ တိုင်းဒေသကြီး/ ပြည်နယ်များအနက် ကယားပြည်နယ် တစ်ခုတွင်သာ COVID-19 ရောဂါ အတည်ပြုလူနာ မတွေ့ရှိရပါ။
- မြန်မာနိုင်ငံရှိ မြို့နယ် (၃၃၀) အနက် မြို့နယ် (၂၇၆)မြို့နယ်တွင် COVID-19 ရောဂါ ပိုးတွေ့ လူနာ မတွေ့ရှိရပါ။
- COVID-19 ရောဂါဖြစ်ပွားလျက်ရှိသော တိုင်းဒေသကြီး/ ပြည်နယ်နှင့် မြို့နယ်များ၏ အခြေပြမြေပုံကို နောက်ဆက်တွဲတွင် ဖော်ပြထားပါသည်။
- မှတ်ချက်။ ရောဂါအတည်ပြုလူနာ စုစုပေါင်း (၂၀၁)ဦး အနက် ရောဂါပိုးကင်းစင်၍ ဆေးရုံမှဆင်းခွင့်ရရှိသူ (၁၀၇) ဦး၊ သေဆုံးသူ (၆)ဦး၊ လက်ရှိတိုင်းဒေသကြီး/ ပြည်နယ် များရှိ သက်ဆိုင်ရာ ဆေးရုံများတွင် ကုသမှုခံယူလျက်ရှိသူ (၈၈)ဦးရှိပါသည်။

## ၆။ ကမ္ဘာ့နိုင်ငံများတွင် COVID-19 ရောဂါဖြစ်ပွားမှု အခြေအနေ

**(၂၃-၅-၂၀၂၀) ရက်နေ့၊ မြန်မာစံတော်ချိန် နံနက် (၁:၀၀)နာရီအထိ COVID-19 ရောဂါဖြစ်ပွားမှု အများဆုံး (၁၅) နိုင်ငံ၏ အခြေအနေ**

| စဉ် | နိုင်ငံ | လူဦးရေ (သန်းပေါင်း) * | ဓာတ်ခွဲ အတည်ပြု လူနာ စုစုပေါင်း | (၂၄) နာရီအတွင်း ဓာတ်ခွဲ အတည်ပြု လူနာ အသစ် | သေဆုံးသူ ဦးရေ စုစုပေါင်း |
|---|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၂၉.၁ | ၁,၅၂၅,၁၈၆ | ၂၃,၃၁၀ | ၉၁,၅၂၇ |
| ၂။ | ရုရှ | ၁၄၃.၉ | ၃၂၆,၄၄၈ | ၈,၈၉၄ | ၃,၂၄၉ |
| ၃။ | ဘရာဇီး | ၂၁၂.၄ | ၂၉၁,၅၇၉ | ၁၉,၉၅၁ | ၁၈,၈၅၉ |
| ၄။ | ယူနိုက်တက်ကင်းဒမ်း | ၆၇.၀ | ၂၅၀,၉၁၂ | ၂,၆၁၅ | ၃၆,၀၄၂ |
| ၅။ | စပိန် | ၄၆.၄ | ၂၃၃,၀၃၇ | ၄၈၂ | ၂၇,၉၄၀ |
| ၆။ | အီတလီ | ၅၉.၂ | ၂၂၈,၀၀၆ | ၆၄၂ | ၃၂,၄၈၆ |
| ၇။ | ဂျာမနီ | ၈၂.၄ | ၁၇၇,၂၁၂ | ၄၆၀ | ၈,၁၇၄ |
| ၈။ | တူရကီ | ၈၃.၀ | ၁၅၃,၅၄၈ | ၉၆၁ | ၄,၂၄၉ |
| ၉။ | ပြင်သစ် | ၆၅.၅ | ၁၄၁,၅၉၀ | ၂၇၈ | ၂၈,၁၆၄ |
| ၁၀။ | အီရန် | ၈၂.၈ | ၁၂၉,၃၄၁ | - | ၇,၂၄၉ |
| ၁၁။ | ပီရူး | ၃၂.၉ | ၁၀၄,၀၂၀ | ၄,၅၃၇ | ၃,၀၂၄ |
| ၁၂။ | တရုတ် | ၁,၄၂၀.၁ | ၈၄,၅၂၀ | ၁၃ | ၄,၆၄၅ |
| ၁၃။ | ကနေဒါ | ၃၇.၃ | ၈၀,၅၅၅ | ၁,၀၅၃ | ၆,၀၆၂ |
| ၁၄။ | ဆော်ဒီအာရေဗျ | ၃၄.၁ | ၆၅၀၇၇ | - | ၃၅၁ |
| ၁၅။ | ဘယ်လ်ဂျီယံ | ၁၁.၆ | ၅၅,၉၈၃ | ၁၉၂ | ၉,၁၅၀ |

**Source: World Health Organization, UNFPA (World's population data -2019)**

* UNFPA မှ ၂၀၁၉ ခုနှစ်တွင် ထုတ်ပြန်ထားသော လူဦးရေစာရင်း

(၂၃-၅-၂၀၂၀) ရက်နေ့ မြန်မာစံတော်ချိန် နံနက် (၁:၀၀)နာရီအထိ အာရှနိုင်ငံအချို့၏ COVID-19 ရောဂါ ဖြစ်ပွားမှုအခြေအနေ

| စဉ် | နိုင်ငံ | လူဦးရေ (သန်းပေါင်း) | ခံတက်ခွဲအတည်ပြု လူနာ စုစုပေါင်း | (၂၄) နာရီအတွင်း ခံတက်ခွဲအတည်ပြု လူနာ အသစ် | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|---|
| ၁။ | အိန္ဒိယ | ၁၃၆၈.၇ | ၁၁၈,၄၄၇ | ၆,၀၈၈ | ၃,၅၈၃ |
| ၂။ | ကာတာ | ၂.၇ | ၃၈,၆၅၁ | ၁,၅၅၄ | ၁၇ |
| ၃။ | ဘင်္ဂလားဒေ့ရှ် | ၁၆၈.၁ | ၃၀,၂၀၅ | ၁,၆၉၄ | ၄၃၂ |
| ၄။ | စင်္ကာပူ | ၅.၉ | ၂၉,၈၁၂ | ၄၄၈ | ၂၃ |
| ၅။ | ယူအေအီး | ၉.၇ | ၂၆,၈၉၈ | ၈၉၄ | ၂၃၇ |
| ၆။ | အင်ဒိုနီးရှား | ၂၆၉.၅ | ၂၀,၇၉၆ | ၆၃၄ | ၁,၃၂၆ |
| ၇။ | ဂျပန် | ၁၂၆.၉ | ၁၆,၅၁၃ | ၈၉ | ၇၉၆ |
| ၈။ | ကိုရီးယား | ၅၁.၃ | ၁၁,၁၄၂ | ၂၀ | ၂၆၄ |
| ၉။ | မလေးရှား | ၃၂.၅ | ၇,၀၅၉ | ၅၀ | ၁၁၄ |
| ၁၀။ | ထိုင်း | ၆၉.၃ | ၃,၀၃၇ | - | ၅၆ |
| ၁၁။ | သီရိလင်္ကာ | ၂၁.၀ | ၁,၀၆၀ | ၁၅ | ၉ |
| ၁၂။ | နီပေါ | ၂၉.၉ | ၅၁၆ | ၆၂ | ၃ |
| ၁၃။ | ဗီယက်နမ် | ၉၇.၄ | ၃၂၄ | ၀ | ၀ |
| ၁၄။ | မြန်မာ | ၅၄.၃ | ၂၀၁ | ၂ | ၆ |
| ၁၅။ | ကမ္ဘောဒီးယား | ၁၆.၅ | ၁၂၃ | ၁ | ၀ |
| ၁၆။ | ဘူတန် | ၀.၈ | ၂၁ | ၀ | ၀ |
| ၁၇။ | လာအို | ၇.၁ | ၁၉ | ၀ | ၀ |

Source: World Health Organization, UNFPA (World's population data –2019)

## ၇။ COVID-19 ကာကွယ်၊ထိန်းချုပ်ရေးအတွက် တစ်ကိုယ်ရေသုံးရောဂါကာကွယ်ရေး ပစ္စည်းများ ဝယ်ယူဖြန့်ဖြူးထားရှိမှုအခြေအနေ

### COVID-19 ရောဂါကာကွယ်ရေးပစ္စည်းများ လက်ခံရရှိ/ဖြန့်ဖြူး/လက်ကျန်စာရင်း (as of 22.5.2020)

| စဉ် | ပစ္စည်းအမျိုးအမည် | AU | လက်ခံရရှိသော အရေအတွက် | ဖြန့်ဝေပြီး အရေအတွက် | လက်ကျန် အရေအတွက် |
|---|---|---|---|---|---|
| 1 | PPE Coverall | No. | ၂၇၅,၃၇၁ | ၁၈၁,၄၁၃ | ၉၃,၉၅၈ |
| 2 | PPE (Non Medical Grade) | No. | ၄၁,၄၀၀ | ၂၈,၅၀၀ | ၁၂,၉၀၀ |
| 3 | PPE Full Set | Set | ၅၅,၈၇၄ | ၁,၇၂၅ | ၅၄,၁၄၉ |
| 4 | N95 Mask | No. | ၇၅,၀၅၅ | ၅၃,၄၇၅ | ၂၁,၅၈၀ |
| 5 | KN-95 Mask | No. | ၂၄၄,၃၇၀ | ၂၀၂,၅၈၀ | ၄၁,၇၉၀ |
| 6 | Surgical Mask | No. | ၁၇,၃၃၇,၈၄၀ | ၁၀,၇၆၂,၂၅၀ | ၆,၅၇၅,၅၉၀ |
| 7 | Surgical Gown | No. | ၁၃,၁၂၅ | ၁၀,၁၅၀ | ၂,၉၇၅ |
| 8 | Surgical Glove | Pairs | ၄၉၇,၈၀၀ | ၁၂၈,၈၀၀ | ၃၆၉,၀၀၀ |
| 9 | Exam Glove | Box | ၁၇,၉၉၀ | ၁၁,၇၈၁ | ၆,၂၀၉ |
| 10 | Goggle | No. | ၄၆,၆၀၇ | ၁၅,၃၁၀ | ၃၁,၂၉၇ |
| 11 | Shoe Cover | Pairs | ၂၇,၆၄၀ | ၁၃,၆၈၀ | ၁၃,၉၆၀ |
| 12 | Bleaching Powder (65%, 40kg) | Drum | ၁,၁၀၅ | ၅၆၁ | ၅၄၄ |
| 13 | Face Shield | No. | ၁၆၃,၉၇၀ | ၇၀,၈၈၀ | ၉၃,၀၉၀ |
| 14 | Hand Sanitizer 500 ml | Bot | ၂၄၆,၃၀၅ | ၁၈၉,၁၂၉ | ၅၇,၁၇၆ |
| 15 | Non Contact Thermometer | No. | ၁၂,၈၉၁ | ၁၁,၂၇၆ | ၁,၆၁၅ |
| 16 | Hand Speaker with Memory Stick | No. | ၂၂,၁၇၀ | ၁၀,၆၄၄ | ၁၁,၅၂၆ |
| 17 | Viral Transport Medium (VTM) | No. | ၂၂၆,၉၂၀ | ၆၄,၇၂၀ | ၁၆၂,၂၀၀ |

## ၈။ COVID-19 နှင့်ပတ်သက်၍ အရွယ်ရောက်ပြီးသော မြန်မာလူမျိုးများ၏ရောဂါ အန္တရာယ်နှင့်ပတ်သက်သော သဘောထားအမြင်၊ ရောဂါကာကွယ်နိုင်မည့်နည်းလမ်းများနှင့် ပတ်သက်သော အသိအမြင်ကို လေ့လာသော သုတေသနစာတမ်း

ယနေ့ကမ္ဘာပေါ်တွင် ဖြစ်ပွားလျက်ရှိသော COVID-19 ရောဂါဖြစ်ပွားမှုနှင့်ပတ်သက်၍ မြန်မာ ပြည်သူလူထု၏ သိမြင်နားလည်မှု၊ သဘောပေါက်ထားသော ဖြစ်နိုင်သည့် အန္တရာယ် နှင့် ရောဂါကာကွယ်နိုင်မည့်နည်းလမ်းများနှင့်ပတ်သက်သောအသိအမြင်ကို လေ့လာနိုင်ရန် အတွက် သုတေသနတစ်ခုကို ပြည်သူ့ကျန်းမာရေးတက္ကသိုလ်မှ ပါမောက္ခချုပ်ဦးဆောင်သော ဆရာ/ ဆရာမ များနှင့် ပြည်သူ့ကျန်းမာရေးမဟာဘွဲ့/ဆေးရုံအုပ်ချုပ်မှု ပညာမဟာဘွဲ့လွန် ကျောင်းသား၊ ကျောင်းသူများသည် **၂၀၂၀ ခုနှစ် မတ်လ (၃) ရက်မှ မတ်လ (၂၀)ရက် နေ့ထိ** ဆောင်ရွက်ခဲ့ပါ သည်။ အဆိုပါသုတေသနကို ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဒဂုံရောနှင့် အောင်မင်္ဂလာ အဝေးပြေးကားဂိတ်၊ ဝမ်းတီးနှင့် မားမားခေါက်ဆွဲစက်ရုံ၊ ပဲခူးတိုင်းဒေသ ကြီးအတွင်းရှိ မြို့ပေါ် ရပ်ကွက် (၄)ခုတို့ရှိ အသက် (၁၈)နှစ်နှင့် အထက်ရှိသော လူဦးရေ စုစုပေါင်း (၅၉၇) ယောက်တို့ နှင့် မေးခွန်းများကို မေးမြန်းခြင်းအားဖြင့် ပြုလုပ်ခဲ့ပါသည်။

ဖြေဆိုသူများ၏ **၅၄ ရာခိုင်နှုန်း**သည် **အသက် ၂၁-၄၀ နှစ်**အတွင်းရှိသောသူများ ဖြစ်ပြီး **၆၃ ရာခိုင်နှုန်း**သည် ပညာအရည်အချင်းအားဖြင့် **အထက်တန်းနှင့် တက္ကသိုလ်၊ ကောလိပ်တက်** ရောက်နေသူများ ဖြစ်ပါသည်။

လူဦးရေစုစုပေါင်း (၅၉၇) ယောက်နှင့် တွေ့ဆုံမေးမြန်းပြီးနောက် ရရှိလာသော အဓိက သုတေသနတွေ့ရှိချက်များမှာ-

### COVID-19 နှင့်ပတ်သက်သော ဗဟုသုတများ (Knowledge)

- ဖြေဆိုသူများ၏ **၉၈ ရာခိုင်နှုန်း**သည် လတ်တလောဖြစ်ပွားနေသော COVID-19 ရောဂါ အကြောင်းကို ကြားဖူးသည်ဟု ဖြေဆိုသော်လည်း အဆိုပါလူဦးရေထဲမှ **၈၇ ရာခိုင်နှုန်း** သည် COVID-19 ရောဂါနှင့်ပတ်သက်သော ဗဟုသုတအနည်းငယ်သာရှိပါသည်။
- **၂၇ ရာခိုင်နှုန်း**သာလျှင် COVID-19 ကို ဖြစ်စေနိုင်သောအဓိကအကြောင်းအရင်း (Causal agent) ကို မှန်ကန်စွာဖြေဆိုနိုင်ပါသည်။

- ဖြေဆိုသူများ၏ **၆၇ ရာခိုင်နှုန်းခန့်**က COVID-19 သည် ချောင်းဆိုးခြင်း၊ နှာချေခြင်း နှင့် စကားပြောခြင်းစသည်တို့မှထွက်သော အရည်၊ အစက်များကြောင့် ကူးစက်သည်ဟုဖြေဆိုပြီး **၃၀ ရာခိုင်နှုန်း**ကသာ နီးကပ်စွာထိတွေ့ခြင်းကြောင့် ကူးစက်နိုင်သည်ဟု ဖြေဆိုပါသည်။
- လက်ကို မကြာခဏဆေးကြောခြင်းသည် ရောဂါပိုးကူးစက်ခြင်းကို ကာကွယ်နိုင် ကြောင်း သိနားလည်သူသည် မေးမြန်းခံရသူများ၏ **တစ်ဝက်ခန့် (၅၅ ရာခိုင်နှုန်း)** သာ လျှင် ရှိပါသည်။
- လူထူထပ်သောနေရာများကို ရှောင်ကြဉ်ရမည်ဟု **၄၅ ရာခိုင်နှုန်း**က ဖြေဆိုပါသည်။
- ရောဂါပိုးရှိသူများနှင့်နီးကပ်စွာ နေထိုင်ခြင်းကို ရှောင်ကြဉ်ခြင်းသည် ရောဂါကူးစက်ခြင်းကို ကာကွယ်နိုင်ကြောင်းသိနားလည်သူသည် **၁၁ ရာခိုင်နှုန်းခန့်**သာရှိပါသည်။
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် COVID-19 နှင့်ပတ်သက်သော သတင်းအချက်အလက်များကို အဓိကရရှိသောနေရာဖြစ်ကြောင်းကို **၁၃ ရာခိုင်နှုန်း**က ဖြေဆိုပါသည်။
- **၂၅ ရာခိုင်နှုန်း**သော ဖြေဆိုသူများက ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ယုံကြည်ရသော သတင်းအချက်အလက်များကိုပေးနိုင်သော အဓိကအရင်းအမြစ်ဖြစ်ကြောင်း ဖြေဆိုခဲ့ပါသည်။

**COVID-19 နှင့်ပတ်သက်၍ သိမြင်နားလည်ခြင်း (Perception)**

- အသွားအလာထိန်းချုပ်ကန့်သတ်ခြင်းသည် COVID-19 ကာကွယ်ရေးနှင့်ပတ်သက်၍ ကောင်းမွန်သော နည်းလမ်းဖြစ်ပါသလားဟုမေးမြန်းရာတွင် **၆၂ ရာခိုင်နှုန်းခန့်**သော ဖြေဆိုသူများက သဘောတူညီမှု မရှိပါ။
- ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုသည် COVID-19 ကာကွယ်ရေးတွင် အရေးပါကြောင်း ကို ဖြေဆိုသူ၏ **၉၉ ရာခိုင်နှုန်း**က သဘောတူညီမှုရှိသည်။

**ရောဂါမဖြစ်ပွားစေရန် ကာကွယ်ရေးနည်းလမ်းများကို လိုက်နာကျင့်သုံးမှု (Reported Protective Behaviors)**

- ဖြေဆိုသူများ၏ **၂၂ ရာခိုင်နှုန်း**သာလျှင် ကောင်းမွန်မှန်ကန်သော ရောဂါကာကွယ်ရေး နည်းလမ်းများကို ကျင့်သုံးသည်ဟု ဖြေဆိုပါသည်။
- လက်ကို မကြာခဏဆေးကြော (တစ်နေ့လျှင် ၅ ကြိမ်နှင့် အထက်) သည်ဟု ဖြေဆိုသူ **၄၅ ရာခိုင်နှုန်း**ရှိပါသည်။
- ချောင်းဆိုး၊ နှာချေစဉ်တွင် ဖုံးအုပ်ထားကြောင်းဖြေဆိုသူသည် **၄၇ ရာခိုင်နှုန်း** ရှိပါ သည်။
- ကောင်းမွန်မှန်ကန်သော ရောဂါကာကွယ်ရေးနည်းလမ်းများကို ကျင့်သုံးသည့် အလေ့ အထသည် ရောဝတီတိုင်းနှင့် အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် နေထိုင်သူ များသည် ရန်ကုန်တိုင်းဒေသကြီးတွင် နေထိုင်သောသူများထက် လျော့နည်းကြောင်း တွေ့ရှိရပါသည်။

ဤသုတေသနအရ ပြည်သူလူထုအတွင်းတွင် COVID-19 နှင့်ပတ်သက်သောဗဟုသုတ၊ အသိပညာနှင့် ရောဂါမဖြစ်ပွားစေရန် ကာကွယ်နိုင်စေသည့်နည်းလမ်းများ လိုက်နာကျင့်သုံး မှု နည်းပါးနေသည်ကို တွေ့ရှိရပါသည်။

**ဤသုတေသနတွေ့ရှိချက်ပေါ်အခြေခံ၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အနေဖြင့် COVID-19 နှင့်ပတ်သက်၍ ပြည်သူများ၏ ဗဟုသုတ၊ သဘောထားအမြင်နှင့် လိုက်နာကျင့်သုံးမှု တိုးတက် ကောင်းမွန်လာစေရန်အတွက် ရပ်ကွက်၊ ကျေးရွာတိုင်း၌ လက်ကိုင်အသံချဲ့စက်များ၊ အသံချဲ့စက်များကို အသုံးပြု၍ နေ့စဉ် (၅)ကြိမ် ကြေညာနှိုးဆော် ပေးရန် တိုက်တွန်းနေရခြင်း ဖြစ်ပါသည်။**

## ၉။ အထွေထွေ

(က) ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ဂုဏ်ထူးဆောင်ပါမောက္ခ ပါမောက္ခ ဒေါက်တာဖေသက်ခင်မှ ဥက္ကဋ္ဌ၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း) ဒေါက်တာမျိုးခင်မှ အတွင်းရေးမှူးအဖြစ် ဆောင်ရွက်သော အဖွဲ့ဝင် (၂၄)ဦး ပါဝင်သည့် **" COVID-19 ကပ်ရောဂါ ၏ နောက်ဆက်တွဲဖြစ်ပေါ်နိုင်သည့် ကျန်းမာရေးဆိုင်ရာ အကျိုးဆက်များနှင့် ကျန်းမာရေး စနစ် အပေါ်သက်ရောက်မှုများကို ကြိုတင်မှန်းဆပြင်ဆင်ဆောင်ရွက်နိုင်ရေး အကြံပေးအဖွဲ့"** ကို (၂၇-

၄-၂၀၂၀) ရက်နေ့တွင် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။ အဆိုပါအဖွဲ့၏ တာဝန်နှင့် ဝတ္တရားများမှာ -

- COVID-19 ကပ်ရောဂါ၏ နောက်ဆက်တွဲဖြစ်ပေါ်နိုင်သည့်အကျိုးဆက်များကို ခန့်မှန်းသုံးသပ်တွက်ချက်ရန်၊
- COVID-19 ကပ်ရောဂါကြောင့် ကျန်းမာရေးစနစ်အပေါ် သက်ရောက်မှုများကို ဘက်ပေါင်းစုံမှ စဉ်းစားသုံးသပ်ရန်၊
- အဆိုပါခန့်မှန်းသုံးသပ်ချက်အပေါ်မူတည်၍ ကြိုတင်ပြင်ဆင်သင့်သည့် အချက်များကို ရေတို၊ ရေရှည်ကာလအလိုက် အစီအစဉ်များရေးဆွဲနိုင်ရေး အကြံပြုတင်ပြရန်၊
- သက်ဆိုင်ရာစီမံချက်များအလိုက်၊ ဌာနခွဲများအလိုက်၊ ကြိုတင်ပြင်ဆင်ထားရမည့် သီးခြားအစီအစဉ်များနှင့်ပတ်သက်၍ ပညာရပ်ဆိုင်ရာ အကြံပြုတင်ပြရန်တို့ဖြစ်ပါ သည်။

(ခ) ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် နယ်စပ်ဒေသရှိ ပြည်နယ်များနှင့် ရန်ကုန်တိုင်းဒေသကြီးသို့ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ ဦးဆောင်သော ဗဟိုအဆင့် အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့နှင့် (Rapid Response Team) အဖွဲ့များကိုစေလွှတ်၍ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ကြီးကြပ် ကူညီပံ့ပိုးပေးလျက်ရှိပါသည်။

(ဂ) ရန်ကုန်မြို့ရှိ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနနှင့် ဆေးသုတေသနဦးစီးဌာနတို့တွင် COVID-19 ရောဂါပိုးကို Polymerase Chain Reaction (PCR) နည်းပညာဖြင့် စောင့်ကြည့်လူနာ၊ အသွားအလာကန့်သတ်ကာစောင့်ကြည့်ခံရသူများနှင့် လူနာနှင့်အနီးကပ် ထိတွေ့သူများထံမှ ဓာတ်ခွဲနမူနာများကို နေ့စဉ်ပိုမိုရယူပြီး ယခင်ကထက် တိုးမြှင့်စစ်ဆေးသွားရန် ဆောင်ရွက်လျက်ရှိပါသည်။ မန္တလေးမြို့၊ မော်လမြိုင်မြို့၊ တောင်ကြီးမြို့နှင့် လားရှိုးမြို့ တို့ရှိ ပြည်သူ့ကျန်းမာရေးဓာတ်ခွဲခန်းများတွင်လည်း အလားတူနည်းပညာဖြင့် COVID-19 ရောဂါပိုး ဓာတ်ခွဲစစ်ဆေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

(ဃ) COVID-19 ရောဂါပျောက်ကင်း သက်သာသွားသည့်သူများ၏ သွေးရည်ကြည်ကို အသုံးပြု ထည့်သွင်း၍ COVID-19 ပိုးတွေ့လူနာများအား ကုသပေးနိုင်ရန်အတွက် COVID-19 နှင့် ပတ်သက်သည့် နိုင်ငံတကာကုထုံးများ၊ သုတေသနတွေ့ရှိချက်များ၊ ဆေးပညာကျင့်ဝတ်

တို့ပေါ်မူတည်၍ မိမိတို့နိုင်ငံအနေဖြင့် ဆောင်ရွက်ရန် သင့်တော်သည့်အခြေအနေများကို စဉ်းစား ဆွေးနွေးသုံးသပ်၍ အကြံပြုနိုင်ရန်အတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် သွေးရောဂါပညာဌာန၊ ပါမောက္ခ/ ဌာနမှူး (ငြိမ်း) ပါမောက္ခဒေါက်တာရဲမြမှ ဥက္ကဋ္ဌ အဖြစ် တာဝန် ယူဆောင်ရွက်သော **"ပြန်လည်သက်သာကောင်းမွန်သွားသော COVID-19 လူနာ၏ သွေးရည်ကြည်ဖြင့် COVID-19 ပိုးတွေ့လူနာများအား စမ်းသပ်ကုသနိုင်ရေးအတွက် Ad hoc အကြံပေးအဖွဲ့"** ကို (၁၆-၄-၂၀၂၀) ရက်နေ့တွင် ဖွဲ့စည်းတာဝန်ပေးအပ်ပြီး ဆောင်ရွက်လျက်ရှိပါသည်။

(င) နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ပြည်သူများ၊ ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်း များ၊ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့အစည်းများမှ တာဝန်ရှိသူများ Video Conferencing ပြုလုပ်ရာတွင် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်၏ လမ်းညွှန်မှုနှင့် ပြောကြားချက်များကိုစုစည်းထားပြီး မိမိတို့ဝန်ထမ်းများက အကောင်အထည်ဖော်ဆောင် ရွက်လျက်ရှိပါသည်။

(စ) ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် ဆေးသုတေသနဦးစီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ Blue Ocean Investment Limited နှင့် မိုဘိုင်းအော်ပရေတာများ (MPT, Telenor, Ooredoo, Mytel) ပူးပေါင်းကာ COVID -19 ရောဂါဆိုင်ရာ သိရှိလိုသည်များကို ပြည်သူများမှ အခမဲ့ ဖုန်းခေါ်ဆိုမေးမြန်းနိုင်သော **National COVID-19 Call Center** ဖုန်းနံပါတ် "2019" အား (၈-၄-၂၀၂၀) ရက်နေ့မှစတင်၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း၊ အဆိုပါ Cell Center မှတစ်ဆင့် COVID- 19 ရောဂါဆိုင်ရာ ကျန်းမာရေးအသိပညာပေး သတင်းအချက် အလက်များကို လိုင်းခွဲနံပါတ် (၁) မှ (၅) အထိ စက်ဖြင့် အလိုအလျောက် ဖြေကြားပေးလျက် ရှိပြီး ပြည်သူများမှ လိုင်းခွဲနံပါတ် (၀) မှ တစ်ဆင့် တိုက်ရိုက်မေးမြန်းလာသည်များကိုလည်း ဆေးသုတေသနဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဆရာဝန်အသင်း (MMA) တို့မှ ဆရာဝန်များနှင့် တာဝန်ရှိသူများက နေ့စဉ် နံနက် (၈) နာရီမှ ည (၈) နာရီအထိ ဖြေကြားဆောင်ရွက်ပေး လျက်ရှိပါသည်။

(ဆ) ကမ္ဘာ့နိုင်ငံအများစုနှင့် နှိုင်းယှဉ်ပါက မြန်မာနိုင်ငံ၌ ရောဂါဖြစ်ပွားမှုသည် နည်းပါးနေသေးကြောင်း တွေ့ရှိရသော်လည်း-

- အသွားအလာကန့်သတ်၍ ရောဂါစောင့်ကြပ်ကြည့်ရှုလျက်ရှိသည့်နေရာများကို စနစ် တကျ စီမံခန့်ခွဲမှု မရှိလျှင်သော်လည်းကောင်း၊

- ပိုးတွေ့လူနာနှင့် အနီးကပ်ထိတွေ့ဆက်စပ်သူများကို အချိန်နှင့်တစ်ပြေးညီ ရှာဖွေဖော်ထုတ်ခြင်း မပြုနိုင်လျှင်သော်လည်းကောင်း၊
- ပြည်သူများ မိမိအိမ်တွင်သာ တတ်နိုင်သမျှ နေထိုင်ရန်နှင့် တစ်ဦးနှင့်တစ်ဦး (၆) ပေခန့်အကွာတွင် ခပ်ခွာခွာနေထိုင်ရန်စသည့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များကို တိကျစွာ မလိုက်နာလျှင်သော်လည်းကောင်း ရောဂါကူးစက်ပြန့်ပွားမှုသည် အချိန်တိုအတွင်း ပိုမိုများပြားလာနိုင်ပါသည်။

သို့ဖြစ်ပါ၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်လျက်ရှိသည့် လမ်းညွှန်ချက်နှင့် အကြံပြုချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

## ၁၀။ ပြည်သူများ ဝင်ရောက်ကြည့်ရှုသင့်သည့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ COVID-19 ဆိုင်ရာ အင်တာနက်လိပ်စာ Link များ

(က) **Myanmar COVID-19 Surveillance Dashboard**

**Mobile View:** https://bit.ly/2W0cmeE

**Desktop View:** https://bit.ly/2KCvZnQ

(ခ) မြန်မာနိုင်ငံ၏ COVID-19 ရောဂါဖြစ်ပွားမှု အခြေအနေပြ အစီရင်ခံစာများ (Situation Reports)

https://mohs.gov.mm/page/9575

(ဂ) ပြည်သူများအတွက် ကိုရိုနာဗိုင်းရပ်စ် COVID-19 ဆိုင်ရာ ကျန်းမာရေးအသိပညာများ

https://mohs.gov.mm/Main/content/publication/2019-ncov

(ဃ) ကျန်းမာရေးဝန်ထမ်းများအတွက် လုပ်ငန်းလမ်းညွှန်များ


https://mohs.gov.mm/Main/content/publication/2019-ncov

(င) COVID-19 စောင့်ကြပ်ကြည့်ရှုရေးနှင့် ကာကွယ်ထိန်းချုပ်ရေး အစည်းအဝေးများ၌ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဒေါက်တာမြင့်ထွေး၏ ပြောကြားချက်များမှ ကောက်နုတ်ချက်များ (၂၄-၁-၂၀၂၀) ရက်နေ့မှ (၂-၅-၂၀၂၀) ရက်နေ့အထိ

https://mohs.gov.mm/Main/content/new/union-ministers-instructions-2-5-2020


# COVID-19 Cases in Myanmar

## (Total: 201, as of: 23-5-2020, 7:00 AM)




# COVID-19 Cases (Yangon Region)

## (Total: 156, as of: 23-5-2020, 7:00 AM)




# COVID-19 Cases (Bago Region)

## (Total: 7, as of: 23-5-2020, 7:00 AM)




# COVID-19 Cases (Sagaing Region)

## (Total: 7, as of: 23-5-2020, 7:00 AM)




# COVID-19 Cases (Chin State)

**(Total: 9, as of: 23-5-2020, 7:00 AM)**




# COVID-19 Cases (Mandalay Region)

## (Total: 3, as of: 23-5-2020, 7:00 AM)




# COVID-19 Cases (Shan State - East)

## (Total: 3, as of: 23-5-2020, 7:00 AM)




# COVID-19 Cases (Shan State - South)

**(Total: 2, as of: 23-5-2020, 7:00 AM)**




# COVID-19 Cases (Shan State - North)

## (Total: 2, as of: 23-5-2020, 7:00 AM)




# COVID-19 Cases (Naypyitaw Union Territory)

## (Total: 2, as of: 23-5-2020, 7:00 AM)




# COVID-19 Cases (Magway Region)

**(Total: 2, as of: 23-5-2020, 7:00 AM)**




# COVID-19 Cases (Kayin State)

**(Total: 2, as of: 23-5-2020, 7:00 AM)**




# COVID-19 Cases (Rakhine State)

## (Total: 2, as of: 23-5-2020, 7:00 AM)




# COVID-19 Cases (Mon State)

## (Total: 1, as of: 23-5-2020, 7:00 AM)




# COVID-19 Cases (Kachin State)

## (Total: 1, as of: 23-5-2020, 7:00 AM)



# COVID-19 Cases (Tanintharyi Region)

## (Total: 1, as of: 23-5-2020, 7:00 AM)



# COVID-19 Cases (Ayeyarwady Region)

**(Total: 1, as of: 23-5-2020, 7:00 AM)**

